


ဩဂုတ်လ ၂၃ ရက်နေ့၊ ၂၀၂၂ခုနှစ်။

# စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာ အတွင်း လေကြောင်းတိုက်ခိုက်ခံရသည့်ဖြစ်စဉ်။

# ဖြစ်မှုကျူးလွန်သူ

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊
စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်(စကခ) (၁၀) လက်အောက်ခံ
ခမရ (၃၆၅)

## ကျူးလွန်ခံရသူများ

### အတည်ပြုနိုင်ခဲ့သော သေဆုံးသူများ

၁. ကိုမိုးအောင် (၂၇ နှစ်)
၂. ကိုဇင်မျိုးသူ (၂၂ နှစ်)
၃. မဖြူဇာဝင်း (၂၀ နှစ်)
၄. မောင်ပြည့်စုံဦး (၇ နှစ်)

### အတည်ပြုနိုင်ခဲ့သော ဒဏ်ရာရသူများ

၁. ကိုရဲရင့်အောင် (၁၈ နှစ်)
၂. ကိုနေမျိုး
၃. ဒေါ်ပို
၄. မခင်မာရီ
၅. မအိမွန်မွန်ထွန်း




စုစုပေါင်း (၄) ဦး




စုစုပေါင်း (၅) ဦး

## ပြည်သူပိုင်ပစ္စည်းဆုံးရှုံးမှု

သစ်ဆိမ့်ကုန်းရွာတွင်း
နေအိမ်နှင့်စာသင်ကျောင်းများ
ထိခိုက်ပျက်စီးများရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ (၂၃)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာအား အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့် ည(၁၁)နာရီကျော်ခန့်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး အပါအဝင် စုစုပေါင်း (၄)ဦး သေဆုံးခဲ့ရသည်။

## ဩဂုတ် ၂၂၊ ၂၀၂၂။

အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (စကခ) (၁၀) လက်အောက်ခံ ခမရ (၃၆၅) သည် အိမ်ခြေ (၁၈၀) ရှိသည့် ညောင်ကုန်းရွာမှ အိမ်အလုံး (၃၀) ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့နောက် ချပ်သင်းရွာဘက်သို့ စစ်ကြောင်းထိုးလာပြီး သစ်ဆိပ်ကုန်းရွာအနီးရှိ အောင်သာရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။

## ဩဂုတ် ၂၃၊ ၂၀၂၂။ နံနက်ပိုင်း

ကန့်ဘလူနှင့် ကောလင်းမြို့နယ်အစပ်တွင် အကြမ်းဖက်စစ်ကောင်စီ၏ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (စကခ) (၁၀) လက်အောက်ခံ ခမရ (၃၆၅)နှင့် ကန့်ဘလူခရိုင် တပ်ရင်း (၂) တို့ တိုက်ပွဲ ထပ်မံဖြစ်ပွားခဲ့သည်။

## ဩဂုတ် ၂၃၊ ၂၀၂၂။ ညနေပိုင်း

နံနက်တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ အကျအဆုံးများ သည့်အတွက် ည(၁၁)နာရီကျော်ခန့်တွင် MI-35 ရဟတ်ယာဉ်တစ်စီး၊ YAK-30 ဂျက်တိုက်လေယာဉ်နှစ်စီးတို့ဖြင့် သစ်ဆိမ့်ကုန်းရွာကို လာရောက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကိုမိုးအောင် (၂၇ နှစ်)၊ ကိုဇင်မျိုးသူ (၂၂ နှစ်) (မဖြူဇာဝင်း၏ အမျိုးသား)၊ မဖြူဇာဝင်း (၂၀ နှစ်) (ကိုယ်ဝန် (၉)လ)၊ မောင်ပြည့်စုံဦး (၇ နှစ်)တို့ သေဆုံးခဲ့ရသည်။

ထို့အပြင် ဒဏ်ရာရသူများနှင့် နေအိမ်ပျက်စီးမှုများ ရှိခဲ့သည်။ ဒဏ်ရာရသူများမှာ ကိုနေမျိုး၊ ဒေါ်ပို၊ မခင်မာရီ၊ မအိမွန်မွန်ထွန်းနှင့် ကိုရဲရင့်အောင် (၁၈ နှစ်) တို့ဖြစ်သည်။

စစ်ကိုင်းတိုင်း အထက်ပိုင်းရှိ ကန့်ဘလူ၊ ကောလင်းနှင့် ကသာမြို့နယ်အတွင်း တိုက်ပွဲများတွင် မန္တလေးမြို့တောင်ဘက် (၁၄) မိုင်အကွာရှိ တံတားဦးလေဆိပ်မှ တက်လာသည့် YAK-30 အမျိုးအစား တိုက်လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နယ်မြေခံ PDF တပ်ဖွဲ့ဝင်များထံမှ သိရသည်။

## သေဆုံးသူများ

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစု | နေရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကိုမိုးအောင် | ကျား | ၂၇ | - | - | သစ်ဆိမ့်ကုန်းရွာ | - |
| ၂ | ကိုဇင်မျိုးသူ | ကျား | ၂၂ | ရှိ | မပွင့်ဖြူဇာဝင်း၏ ခင်ပွန်း | သစ်ဆိမ့်ကုန်းရွာ | - |
| ၃ | မပွင့်ဖြူဇာဝင်း | မ | ၂၀ | ရှိ | ကိုဇင်မျိုးသူ၏ ဇနီး | သစ်ဆိမ့်ကုန်းရွာ | ကိုယ်ဝန်၉လ |
| ၄ | မောင်ပြည့်စုံဦး | ကျား | ၇ | - | - | သစ်ဆိမ့်ကုန်းရွာ | - |

## ထိခိုက်ဒဏ်ရာရသူများ

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစု | နေရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကိုရဲရင့်အောင် | ကျား | ၁၈ | - | - | သစ်ဆိမ့်ကုန်းရွာ | - |
| ၂ | ကိုနေမျိုးဦး | ကျား | - | - | - | သစ်ဆိမ့်ကုန်းရွာ | - |
| ၃ | ဒေါ်ပို | မ | - | - | - | သစ်ဆိမ့်ကုန်းရွာ | - |
| ၄ | မခင်မာရီ | မ | - | - | - | သစ်ဆိမ့်ကုန်းရွာ | - |
| ၅ | မအိမွန်မွန်ထွန်း | မ | - | - | - | သစ်ဆိမ့်ကုန်းရွာ | - |




ပုံ (၁) – လေကြောင်းပစ်ခတ်မှုကြောင့် သေဆုံးသူ ကိုမိုးအောင် (၂၇ နှစ်)။




ပုံ (၂) – လေကြောင်းပစ်ခတ်မှုကြောင့် သေဆုံးသူ ကိုဇင်မျိုးသူ (၂၂ နှစ်)။



ပုံ (၃) – လေကြောင်းပစ်ခတ်မှုကြောင့် သေဆုံးသူ မောင်ပြည့်စုံဦး (၇ နှစ်)။



ပုံ (၄) – လေကြောင်းပစ်ခတ်မှု ကြောင့် သေဆုံးသူ မပွင့်ဖြူဇာဝင်း (၂၀ နှစ်)၏ အသားစများ။






ပုံ (၅၊ ၆) – လေကြောင်းပစ်ခတ်မှု ကြောင့် သစ်ဆိမ့်ကုန်းရွာ စာသင်ကျောင်း ထိခိုက်ပျက်စီးမှု။








ပုံ (၇၊ ၈၊ ၉) – လေယာဉ်မှ ပစ်ခတ်လိုက်သော လက်နက် အပိုင်းအစများ။